EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၃)၊ အမှတ်-၈၀

ဇွန် ၁၁ ရက်၊ ၂၀၁၉

## ရန်ကုန်တွင် ဆိုင်ကယ်စီးနင်းခွင့်ဇုန်ကို ပြန်လည်သုံးသပ်နေ

**ဇွန် ၈၊ ၂၀၁၉**

ရန်ကုန်တိုင်းဒေသကြီးတွင် ဆိုင်ကယ်စီးနင်းနိုင်မည့် ဇုန်ကို ပြန်လည်သုံးသပ်နေကြောင်း တိုင်းဒေသကြီးလျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် မှော်ဘီ၊ လှည်းကူး၊ ထန်းတပင်နှင့် ဒလမြို့နယ်များမှလွဲ၍ ကျန်စည်ပင်သာယာနယ်နိမိတ်အတွင်း ဆိုင်ကယ်စီးနင်းခွင့်ကို ယခင်အစိုးရလက်ထက်ကတည်းက တားမြစ်ထားသည်။

သို့သော် လက်ရှိတွင် ဆင်ခြေဖုံးမြို့နယ်အများစု၌ ဆိုင်ကယ်များ စည်းကမ်းမဲ့ တရားမဝင် စီးနင်းမှုများရှိနေ၍ ထိန်းချုပ်ရန်စီစဉ်နေသည်ဟု ဒေါ်နီလာကျော်ကဆိုသည်။

"ဆိုင်ကယ်စီးနိုင်မယ့် ဇုန်တွေကို ကျွန်မတို့ ပြန်ပြီးသုံးသပ်နေပါတယ်။ လိုအပ်တဲ့ဥပဒေတွေ ပြင်ဆင်နိုင်ဖို့အတွက်လည်း ညှိနှိုင်း ဆောင်ရွက်နေပါတယ်။ အဲဒါတွေပြီးရင် စည်းကမ်းမဲ့ဆိုင်ကယ်တွေကို ထိထိရောက်ရောက် ထိန်းချုပ်သွားမှာပါ"ဟု ဇွန်လ ၅ ရက်က ရန်ကုန်တိုင်းဒေသကြီး အစိုးရ




**ရန်ကုန်တိုင်းဒေသကြီး မြို့နယ်တစ်ခုတွင် ဆိုင်ကယ်မောင်းနှင်နေသူများကို တွေ့ရစဉ်။ (ဓာတ်ပုံ-ကျော်ဇင်သန်း)**

အဖွဲ့ရုံးတွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ဒေါ်နီလာကျော်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ဆိုင်ကယ်စီးနင်းခွင့် ကန့်သတ်ထားသော်လည်း မြို့နယ်အများစု ၌ ဆိုင်ကယ်များ တွင်ကျယ်စွာစီးနင်းအသုံးပြုနေသည်။ ထို့ကြောင့် ဆိုင်ကယ်များကို စီးနင်းခွင့်ပေးနိုင်မည့် ဇုန်သတ်မှတ်ကာ လိုင်စင်ပေး၍ စည်းကမ်းတကျ စီးနင်းခွင့်ပြုသင့်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အချို့က ပြီးခဲ့သည့် လွှတ်တော်အစည်းအဝေးများတွင် ဆွေးနွေးထားသည်။

လက်ရှိ ရန်ကုန်တိုင်းရှိ မြို့နယ်များတွင် စီးနင်းသည့် ဆိုင်ကယ်အများစုသည် လိုင်စင်မရှိခြင်း၊ စီးနင်းသူကိုယ်တိုင် လိုင်စင်မရှိခြင်းကြောင့် ဒုစရိုက်မှုများဖြစ်ပေါ်ပါက ရှာဖွေဖမ်းဆီးရန် အခက်အခဲရှိစေကြောင်း ၎င်းတို့က ဆိုသည်။ "ဆိုင်ကယ်က လုံးဝမစီးရဘူးလို့ တားမြစ်ဖို့ဆိုတာ အခုအချိန်မှာ မလွယ်ဘူးဗျ။ မြို့နယ်အလိုက်ခွဲခြားသတ်မှတ်ပြီး ကြပ်မတ်မယ်ဆိုဖြစ်နိုင်တယ်။ အစိုးရအဖွဲ့က ဒီလိုအစီအစဉ်ရှိတယ် ကြားတော့ ကြိုဆိုရမှာပေါ့"ဟု ရန်ကုန်မြို့တွင် ဆိုင်ကယ်များ စနစ်တကျစီးနင်းစေရန် ၂၀၁၇ က တိုင်းဒေသကြီးလွှတ်တော်၌ အဆိုတင်သွင်းခဲ့သည့် ရွှေပြည်သာမြို့နယ် လွှတ်တော်ကိုယ်စားလှယ်ဦးရန်အောင်မင်းက ပြောသည်။

ဆင်ခြေဖုံးမြို့နယ်များတွင် ဆိုင်ကယ်စီးနင်းရန် လိုအပ်သဖြင့် စည်းကမ်းသတ်မှတ်ချက်များဖြင့် ခွင့်ပြုပေးသင့်ကြောင်း ဒေသခံပြည်သူအချို့က ပြောသည်။

**(ကိုးကား - http://7daydaily.com)**

## လေးမျက်နှာမြို့နယ်ကိုယ်စားလှယ်က ဓာတ်သတ္တုထုတ်လုပ်မှုအားစီမံနေမှုကို မေးခွန်းထုတ်

**ဇွန် ၉၊ ၂၀၁၉**

လိုင်စင်မရှိဘဲ ဓာတ်သတ္တုများ ထုတ်ယူနေမှုအခြေအနေနှင့် တိုင်းဒေသကြီးအတွင်း လမ်းတံတား၊ အဆောက်အဦစသည့် စီမံကိန်းလုပ်ငန်းများတွင် အရည်အသွေးမပြည့်မီသည့် သဲ၊ ကျောက်များကို အသုံးပြုနေရသလို ဒေသဈေးနှုန်းထက် တန်ဖိုးကြီးမြင့်စွာ ပေးဝယ်နေရသဖြင့် အရည်အသွေးနှင့်လုပ်ငန်း အချိန်မီပြီးစီးနိုင်ရေးကို များစွာထိခိုက်စေနိုင်ကြောင်း လေးမျက်နှာမြို့နယ် တိုင်းဒေသကြီးကိုယ်စားလှယ်ဦးစိုးခိုင်က လွှတ်တော်တွင်ပြောသည်။ ထို့ပြင် တောင်နံရံများတွင် တရားမဝင် ကျောက်ထုတ်နေမှုများကိုပါ ဦးစိုးခိုင်က ထောက်ပြပြောဆိုခဲ့သည်။ "ခွင့်ပြုပေးခဲ့ခြင်းများကို စိစစ်ကြပ်မတ်နိုင်ရေးအတွက် သက်ဆိုင်ရာ ခရိုင်အလိုက် ခရိုင်အုပ်ချုပ်ရေးမှူးများ ဦးစီးပြီး ကြီးကြပ်ရေးအဖွဲ့များကို ၎င်းမြို့နယ်များမှ အုပ်ချုပ်ရေးမှူးများဦးစီးပြီး ဖမ်းဆီးရမိရေးအဖွဲ့ကို ဖွဲ့စည်းထားရှိပြီးတော့ စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်"ဟု ဧရာဝတီတိုင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင်က ဖြေကြားသည်။

**(ကိုးကား- မဇ္ဈိမ)**

# ဧရာဝတီတိုင်း စည်ပင်သာယာရေး ဥပဒေမူကြမ်း လွှတ်တော်သို့ တင်သွင်းထား

မေ ၈၊ ၂၀၁၉

တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီ ဖွဲ့စည်းသွားရန် တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းထားသည့် ဥပဒေတွင် ထည့်သွင်းရေးဆွဲထားကြောင်း စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်က မဇ္ဈိမသို့ပြောသည်။

"ယခင်တုန်းက ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးမှာ မြို့နယ်စည်ပင်သာယာရေးနှင့် တိုင်းစည်ပင်သာယာရေးအဖွဲ့ တိုင်းဝန်ကြီးဌာနရယ်လို့ပဲ ရှိပါတယ်။ လိုအပ်မှုနေတာက တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီဆိုတာ လိုအပ်မှုရှိနေပါတယ်။ ဥပဒေအသစ်မှာတော့ တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီကိုပါ ဖွဲ့စည်းပြီးတော့ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဦးဆောင်ဆောင်ရွက်နိုင်မယ့် ကော်မတီတစ်ရပ်ဖွဲ့စည်းနိုင်အောင် ထည့်သွင်းထားတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ တိုင်းစည်ပင်သာယာရေးကော်မတီဖွဲ့စည်းမှုအပေါ် ကြိုဆိုကြောင်းနှင့် အမှန်တကယ်လုပ်နိုင်သောသူများကို ရွေးချယ်ရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးတစ်ခုလုံးကို တာဝန်ထမ်းဆောင်နိုင်သူအား ရွေးချယ်ပေးနိုင်ပါက လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုကောင်းနိုင်ကြောင်း ပုသိမ်မြို့နယ် စည်ပင်သာယာရေးကော်မတီဝင် ဦးသက်နိုင်ဇော်ကပြောသည်။

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေမူကြမ်းကို တိုင်းဒေသကြီးလွှတ်တော် ၁၇ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးက တင်သွင်းခဲ့ခြင်းဖြစ်ပြီး ဥပဒေမူကြမ်းအား တိုင်းလွှတ်တော် ဥပဒေစိစစ်ရေးကော်မတီက စိစစ်လျက်ရှိကြောင်း သိရသည်။

"စည်ပင်သာယာက လုပ်ကိုင်ဆောင်ရွက်ရတဲ့ စည်းကမ်းထိန်းသိမ်းရတဲ့ လုပ်ငန်းတွေမှာ အများပြည်သူက လိုက်နာမှုရှိအောင်လို့ လုပ်ပိုင်ခွင့်များကို တိုးမြှင့်ပြီးထားတာရယ်၊ စည်းကမ်းဖောက်ဖျက်တဲ့အခါမှာ ချမှတ်တဲ့ပြစ်ဒဏ်တွေကို တိုးမြှင့်ထားတာရယ် အဲဒီအချက်တွေလည်း ပါပါတယ်"ဟု ဝန်ကြီးက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ယခုလက်ရှိ၌ မြို့နယ်စည်ပင်သာယာရေးကော်မတီ ၂၆ ဖွဲ့နှင့် မြို့စည်ပင်သာယာရေးကော်မတီ ၇ ဖွဲ့အား ဖွဲ့စည်းထားသည်။ မြို့နယ်စည်ပင်သာယာရေးကော်မတီများကို ၂၀၁၆ ခုနှစ် နှစ်ကုန်တွင် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

**(ကိုးကား- မဇ္ဈိမ)**



## ဘတ်ဂျက်အခက်အခဲကြောင့် စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲပြုလုပ်ရန် အချိန်အကန့်အသတ်မရှိ ဆိုင်းငံ့ထား

ဇွန် ၆၊ ၂၀၁၉

မွန်ပြည်နယ် စည်ပင်သာယာရေးဥပဒေအတည်ပြုပြီး (၂) နှစ်ခန့်ကြာမြင့်သည့်တိုင် ရန်ပုံငွေမရှိသေးသည့်အတွက် စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲပြုလုပ်ရန် မဖြစ်နိုင်သေးကြောင်းနှင့် ယခုအစိုးရသက်တမ်းအတွင်း ပြုလုပ်ပေးမည်ဖြစ်ကြောင်း မွန်ပြည်နယ်ဆောက်လုပ်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးက စည်ပင်သာယာနှင့် ဆောက်လုပ်ရေးဝန်ကြီးက ပြောသည်။ စည်ပင်ရွေးကောက်ပွဲကို အချိန်အကန့်အသတ်မရှိ ခေတ္တဆိုင်းငံ့ထားခြင်းဖြစ်ပြီး ကော်မတီမရှိသော်လည်း လွှတ်တော်ကိုယ်စားလှယ်များ၏ အကူအညီဖြင့် စည်ပင်သာယာရေးလုပ်ငန်းများကို အခက်အခဲမရှိ ဆောင်ရွက်နိုင်ကြောင်း ၎င်းကပြောသည်။

စည်ပင်သာယာရေးဥပဒေ အခန်း (၄) တွင် စည်ပင်သာယာရေးကော်မတီများဖွဲ့စည်းရမည်ဟု ပြဋ္ဌာန်းထားသည့် အတွက် ဥပဒေပြဋ္ဌာန်းချက်ကို အစိုးရအဖွဲ့ဆုံးဖြတ်ချက်နှင့် ရပ်တန့်ထားခြင်းသည် မေးခွန်းထုတ်စရာဖြစ်ကြောင်း မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိက ပြောသည်။

"စည်ပင် သာယာရေးဥပဒေထွက်ကတည်းက အစိုးရအနေနဲ့ သူတို့ခေါင်းထဲမှာထည့်ထားရမယ်။ ဒီဥပဒေအတိုင်း စည်ပင်သာယာကော်မတီ ရွေးကောက်ပွဲပြုလုပ်ဖို့ ဘတ်ဂျက်ကို သူတို့လျာထားရမှာဖြစ်တယ်"ဟု ၎င်းက ပြောသည်။

၂၀၁၇ ခုနှစ်၊ ဇွန်လက စည်ပင်သာယာရေးဥပဒေကို မွန်ပြည်နယ်လွှတ်တော်က အသစ်ထပ်မံရေးဆွဲပြဋ္ဌာန်းခဲ့ပြီး ယင်းနှစ် ဒီဇင်ဘာလတွင် စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းကိုပါ မွန်ပြည်နယ်လွှတ်တော်မှ အတည်ပြုခဲ့ပြီးဖြစ်သည်။

"ကော်မတီဖွဲ့စည်းဖို့ အကောင်အထည်မဖော်နိုင်ရင် ဗဟိုချုပ်ကိုင်မှုပြန်ဖြစ်သွားမယ်။ ဗဟိုချုပ်ကိုင်မှုက ဝန်ကြီးနဲ့အစိုးရအဖွဲ့မှာပဲ ပြန်လည်သက်ရောက်သွားတယ်လို့ ယူဆတယ်"ဟု မွန်ပြည်နယ်လွှတ်တော်ဒု-ဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးက သုံးသပ်ပြောဆိုသည်။

အတည်ပြုခဲ့သည့် စည်ပင်သာယာရေးဥပဒအသစ်တွင် ကော်မတီ၏ သက်တမ်းကို အစိုးရသက်တမ်းနှင့်အညီဖြစ်သည်ဟု ပြဋ္ဌာန်းထားပြီး လက်ရှိအစိုးရသက်တမ်းမှာ (၂၂) လသာ ကျန်ရှိတော့သည်။ ယခုအစိုးရသက်တမ်းအတွင်း ရွေးကောက်ပွဲဆောင်ရွက်သွားမည်ဟု ဆိုသော်လည်း ယခုနှစ် ၂၀၁၉-၂၀၂၀ ဘတ်ဂျက်တွင် စည်ပင်ရွေးကောက်ပွဲအတွက် ရန်ပုံငွေမပါဝင်သေးသည်ဟုဆိုထားပြီး လာမည့်နှစ် ၂၀၂၀-၂၀၂၁ ဘတ်ဂျက်နှစ်တွင် လျာထားမည်ဆိုပါက အထွေထွေရွေးကောက်ပွဲနှင့် တိုက်ဆိုင်နေမည်ဖြစ်ကာ စည်ပင်ရွေးကောက်ပွဲအတွက် အခက်အခဲရှိနိုင်မည်ဟု လေ့လာသူများက ပြောသည်။ **(ကိုးကား- သံလွင်တိုင်းမ်)**

# ကျပ်သန်း ၁၀၀၀ တင်ဒါမခေါ်သည့်ကိစ္စ အစိုးရအဖွဲ့ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခဲ့ဟု မွန်ပြည်နယ်ဝန်ကြီးချုပ် ပြန်လည်ပြောကြား

**ဇွန် ၆၊ ၂၀၁၉**

ရေးမြို့နယ်၊ အောင်သပြေ-နစ် ကရင်ကျေးရွာချင်းဆက် ကျပ်သန်း ၁၀၀၀ လမ်းစီမံကိန်း တင်ဒါမခေါ်သည့်ကိစ္စကို အတိုင်ပင်ခံပုဂ္ဂိုလ်၏နှုတ်မိန့်ဖြင့် ဆောင်ရွက်ခဲ့သည်ဟု လွှတ်တော်၌ စကားပြောမှားခဲ့ကြောင်း ဝန်ခံပြောကြားပြီးနောက် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်သည်ဟု ယနေ့ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ ဝန်ကြီးချုပ် ဒေါက်တာအေးဇံက တစ်ဖန်ပြန်လည် ပြောကြားလိုက်သည်။

ဒေါက်တာအေးဇံက "ပြည်နယ်အစိုးရအဖွဲ့ကို ဌာနကတင်တာ၊ ဒီဟာ အချိန်နီးကပ်နေပြီ၊ လုပ်ငန်းပြီးပြတ်ဖို့လိုတယ်၊ အဲဒီတော့ တင်တဲ့ဌာနပေ့ါနော်၊ ဉပမာဆိုလို့ရှိရင် ကျေးလက်လမ်းဦးစီးက တင်တယ်၊ ကျေးလက်လမ်းဦးစီးက တာဝန်ခံပြီးလုပ်ရန် ဆိုပြီးတော့ ကျွန်တော်တို့အစိုးရအဖွဲ့ ဆုံးဖြတ်ချက်နဲ့ ဆောင်ရွက်ရခြင်းဖြစ်တယ်"ဟု ဆိုသည်။

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့အတွက် တတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် ယင်းသို့ပြော ကြားခဲ့ခြင်းဖြစ်သည်။

"နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းကြီးများ ဘဏ္ဍာငွေကြေးနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ သဘောတူညီချက် ခွင့်ပြုချက်ရယူဆောင်ရွက်ရန်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဌာနအဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၏ ခွင့်ပြုချက်ရယူဆောင်ရွက်ကြရန် ဖြစ်သည်"ဟု ဒေါက်တာအေးဇံက အစိုးရ၏ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဖတ်ကြားခဲ့သည်။

သို့ရာတွင် နိုင်ငံတော်သမ္မတရုံးက ၁၀-၄-၂၀၁၇ ရက်နေ့က ထုတ်ပြန်ခဲ့သော အစိုးရဌာနအဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်း "ညွှန်ကြားချက်အမှတ် ၁/၂၀၁၇" အရ ကျပ် ၁၀ သန်းနှင့်အထက် လုပ်ငန်းအတွက် တင်ဒါခေါ်ရမည့်ကိစ္စကိုမူ ထည့်သွင်းပြောကြားခြင်းမရှိပေ။




မွန်ပြည်နယ်အစိုးရအဖွဲ့ သတင်းစာရှင်းလင်းပွဲ(MNA)

မွန်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမင်းထင်အောင်ဟန် (မော်လမြိုင်-၁) က "အဲဒါကြားပြီး၊ ကျွန်တော် လျှပ်စစ်ဝန်ကြီးတာဝန်ထမ်းဆောင်စဉ်ကတည်းက ကျွန်တော်တို့ အစိုးရကတ်ဘိနက်မှာ ဆုံးဖြတ်တဲ့ကိစ္စ၊ အဲဒါဘယ်လိုဖြစ်လဲဆိုတော့ ကတ်ဘိနက်မှာ ဒီသိန်းတစ်သောင်းကျော်ကို တင်ဒါမခေါ်ဘဲနဲ့ ဦးစိန်ဝမ်းတို့ SMD ကို တိုက်ရိုက်ကန်ထရိုက်ပေးမယ်လို့ ဆုံးဖြတ်ဖို့အတွက် အာဂျင်ဒါတင်လာတယ်၊ တင်လာတော့ ကျွန်တော်က ဒီဥစ္စာကတော့ ဥပဒေနဲ့မညီဘူးပေ့ါနော်၊ ဦးအောင်ကျော်သူတို့ ကော်မတီ (ပြည်သူ့ငွေစာရင်းစိစစ်ရေး၊ ဘဏ္ဍာရေးစီမံကိန်းနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မတီ) က ပြောတယ်၊ ခင်ဗျားတို့က သူများစီးပွားရေးလုပ်တဲ့လုပ်ငန်း၊ Development လုပ်တဲ့နေရာမှာ ဘာလို့ အစိုးရပိုက်ဆံသုံးပြီးတော့ လမ်းဖောက်ပေးရတာလဲတဲ့၊ ဒီလိုမျိုး SMD ကို တိုက်ရိုက်ပေးလိုက်တာက မသင့်ဘူးပေ့ါ။ အဲဒီမှာ ဆရာ (ဝန်ကြီးချုပ်)ကလည်း ကျွန်တော့်ကို နည်းနည်းစိတ်ဆိုးသွားတာနဲ့တူပါတယ်၊ ဒါနဲ့ ဒီကိစ္စကို သူတာဝန်ယူတယ်တဲ့၊ လွှတ်တော်ကိစ္စလည်း သူရှင်းမယ်တဲ့၊ ဘာညာပြောပြီးတော့ သူဆုံးဖြတ်ခဲ့တာ"ဟု ပြောသည်။

တိုင်းဒေသကြီး/ပြည်နယ် အစိုးရများနှင့် ဝန်ကြီးဌာနများသည် လွှတ်တော်၏ ကတိကဝတ်များအပေါ် အကောင်အထည်ဖော်မှုတွင် အင်မတန်အားနည်းပြီး လက်တစ်လုံးခြားလုပ်သည့်ကိစ္စမျိုးများ မြင်ရကြောင်း ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ၁၂ ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးက ပြောကြားခဲ့သည်။

**(ကိုးကား- မွန်သတင်းအေဂျင်စီ )**